မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ဂါးပါးကျေးရွာ တွင် ဂါးပါးဆည် တည်ထောင်စဉ်မှစ၍ဂါးပါးကျေးရွာမှ ရွာသူရွာသားများကို နစ်နာကြေးငွေနှင့် အိမ်ခြံမြေမြေကွက် အစားထိုးပေးခဲ့ခြင်းမရှိဘဲ ရွာမှနှင်ထုတ်ခြင်းကြောင့် အိမ်ခြံမြေယာမဲ့ဖြစ်နေရသည့် အခက်အခဲများနှင့် ကြုံရသည်မှာ ယခုအချိန်ထိ ကြုံနေရဆဲဖြစ်ပြီး လူဦးရေတိုးတက်လာမှုကြောင့် အိမ်ခြံမြေယာမဲ့အခက်အခဲကို ရင်ဆိုင်နေရခြင်းကြောင့် အိမ်ခြံမြေယာမဲ့ ဖြစ်နေသောသူများ အိမ်ခြံမြေယာရရှိရေးအတွက်အရွာသူရွာသား (၁၅၈)ကျော် အိမ်ခြံမြေယာလျှောက်ခြင်းကို လက်ခံပေးရန် နေပြည်တော် ပြည်ထောင်စုအစိုးရ ဗဟို မြေယာအသုံးချမှုနှင့် စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော် ပြည်ထောင်စုအစိုးရ မြေယာအသုံးချမှုနှင့် စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ၊ မွန်ပြည်နယ် သထုံမြို့နယ် သထုံမြို့၊ မြို့နယ်မြေအသုံးချမှုနှင့် စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ တို့ ကို (၂၀၁၄) ခုနှစ်တွင် တင်ပြထားသည်။